# အာဗာနည်ဗိမာန်အက်ဥပဒေ။*

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၇။] (၁၉၄၉ ခု၊ ဧပြီလ ၄ ရက်။)

ပြည်ထောင်စု သမတနိုင်ငံတော်အတွက်၊ အာဗာနည်ဗိသစ္စာ လေမ်းရှက်သွားကြကုန်သော ပုဂ္ဂိုလ်များ၏အထိမ်းအမှတ်အဖြစ်ဖြင့်၊ အာဗာနည်ဗိမာန်ကို တည်ဆောက်ရန်၎င်း၊ ထိုအာဗာနည်

---

* မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၉ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၂၅၀ တွင်ထုတ်ပြန်ကြေညာသည်။

ဗိမာန်ကို ခံ့ညားထည်ဝါစွာ မွမ်းမံစေရန်၎င်း၊ အစွန့်ရှည်စွာတည်မြဲအောင်ပြုပြင် စောင့်ရှောက်ရန်၎င်း၊ လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း၊ အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ အာဇာနည်ဗိမာန် အက်ဥပဒေဟုခေါ်ရမည်။

၂။ ။(၁) အဖွဲ့ပိုင်တံဆိပ်တခုနှင့်တကွ၊ အာဇာနည်ဗိမာန်ထိန်းသိမ်းရေးအဖွဲ့အမည်ဖြင့်၊စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်စေရန်ဖွဲ့စည်းထားသောတရားဝင်အဖွဲ့တခုရှိရမည်။ အဖွဲ့သည် ထိုအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံရမည့်အပြင်၊ ဤအက်ဥပဒေ အလို့ငှါ၊ ထို့ပြင် ဤအက်ဥပဒေနှင့်အညီ၊ မစွည်းကိုရယူရန်၎င်း၊ ပစ္စည်းကို လက်ရှိထားရန်၎င်း၊ ပဋိညာဉ်စာချုပ်များကိုချုပ်ဆိုရန်၎င်း၊ လိုအပ်သည့်အမှုကိစ္စများကို ဆောင်ရွက်ရန်၎င်း အာဏာရှိရမည်။

(၂) အာဇာနည်ဗိမာန်ထိန်းသိမ်းရေးအဖွဲ့ဝင်များသည်၊အောက်ပါအတိုင်းဖြစ်ရမည်။

(၁) ဝန်ကြီးချုပ် (ရာထူးအလိုက်)။
(၂) နိုင်ငံတော်တရားဝန်ကြီးချုပ် (ရာထူးအလိုက်)။
(၃) လွှတ်တော်တရားဝန်ကြီးချုပ် (ရာထူးအလိုက်)။
(၄) နိုင်ငံတော်ရှေ့နေချုပ် (ရာထူးအလိုက်)။
(၅) နိုင်ငံတော်စာရင်းစစ်ချုပ် (ရာထူးအလိုက်)။
(၆) ရန်ကုန်မြူနီစီပါယ်အဖွဲ့၏ မြို့တော်ဝန်။
(၇) ပြည်သူ့လွှတ်တော်မှ ရွေးကောက်သည့် ပုဂ္ဂိုလ် ၂ ဦး။
(၈) အစိုးရက ရွေးကောက်သော ပုဂ္ဂိုလ် ၂ ဦး (၎င်းတို့အနက် တဦးမှာ၊ အဆောက်အဦအတတ်ပညာတွင်၊သိကျွမ်းကျင်သောပုဂ္ဂိုလ်ဖြစ်စေရမည်)။

(၃) ဤအက်ဥပဒေအာဏာမတည်မီကဖြစ်စေ၊ တည်ပြီးမှဖြစ်စေ၊ အာဇာနည်ဗိမာန်အတွက် ရရှိသော၊ သို့တည်းမဟုတ် သူဘပါးကပေးအပ်သော၊ သို့တည်းမဟုတ် မသေမီကမှာထား၍ပေးသော၊ သို့တည်းမဟုတ် အခြားနည်းဖြင့်လွှဲပြောင်းပေးသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအားလုံး၊ ထို့ပြင် ဤအက်ဥပဒေ အာဏာမဖြစ်မီက၊ ဖွဲ့စည်းထားသည့် "အာဇာနည်ဗိမာန် တည်ဆောက်ရေးအဖွဲ့ ကော်မီတီ" ၏လက်၌ ဖြစ်သော၊ သို့တည်းမဟုတ် ပိုင်ဆိုင်သော ငွေပစ္စည်းအခွင့်အရေးစသည်တို့သည်၊ အဆိုပါထိန်းသိမ်းရေးအဖွဲ့၌တည်ရှိသက်ရောက်ရမည်။

(၄) အာဇာနည် ဗိမာန်ကိုထားရှိစီမံ ခန့်ခွဲရာတွင်သုံးစွဲဆောင်ရွက်ရသောအဖွဲ့ဝင်တို့၏ အာဏာနှင့် အလုပ်ဝတ်တရားများ၏ သဘောယျသဘောကို မထိခိုက်စေဘဲ၊ အာဇာနည်ဗိမာန် ထိန်းသိမ်းရေးအဖွဲ့ဝင်တို့သည်၊ ဗိမာန်ဆိုင်ရာ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ကျနစွာပြင်ဆင်ထားရှိရန်၎င်း၊ ဗိမာန်ဥပစာ မပျက်မစီးစေရန်၎င်း၊ ဗိမာန်ဥပစာ၌ မဖွယ်မရာမဖြစ်စေရန်၎င်း၊ ခွင့်မရသောသူများ ကျော်နင်းဝင်ရောက်ခြင်းမပြုစေရန်၎င်း၊ တိရစ္ဆာန်များ ဝင်ရောက်လာခြင်းမပြုစေရန်၎င်း၊ မိမိတို့၏အလုပ်ဝတ်တရားအဖြစ်ဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။

(၅) ထိန်းသိမ်းရေးအဖွဲ့၏ အစည်းအဝေး တက်ရောက်မဲပေးသော အဖွဲ့ဝင်များရာ၏ ဆောင်ရွက်ချက်များသည်၊ အဖွဲ့၏ဆောင်ရွက်ချက်များဖြစ်သည်ဟု မှတ်ယူရမည်။

(၆) ထိန်းသိမ်းရေးအဖွဲ့ကိုဖွဲ့စည်းရာ၌နေရာလစ်လပ်သောကြောင့်သော်၎င်း၊ ချွတ်ယွင်းချက်ရှိသောကြောင့်သော်၎င်း၊ အဖွဲ့၏ဆောင်ရွက်ချက်သည် တရားမဝင်ဟု မှတ်ယူခြင်းမပြုရ။

(၇) ထိန်းသိမ်းရေးအဖွဲ့ဝင်သည်၊ရာထူးအလျောက်ခန့်ထားသောအဖွဲ့ဝင်ဖြစ်လျှင်၊ ပုဒ်မခွဲ (၂) ၌ပြပါရှိသော ရာထူးတခုခု၌ ဝတ်တရားဆောင်ရွက်နေဆဲအခါ၌သာလျှင် အဖွဲ့ဝင်အဖြစ်ဖြင့် ဆောင်ရွက်ရမည်။

(ဂ) ထိန်းသိမ်းရေးအဖွဲ့သည်၊မည်သူကိုမဆို အတွင်းရေးမှူးအဖြစ်ဖြင့်ခန့်ထားနိုင်သည်။

(ဃ) ထိန်းသိမ်းရေးအဖွဲ့၏ကိုယ်စား ငွေထုတ်ပေးရန်အမိန့်၌အဖွဲ့ဝင်များ နှစ်ဦးကလက်မှတ်ထိုး၍၊အတွင်းရေးမှူးကလည်းထပ်မံလက်မှတ်ရေးထိုးခဲ့သော်ထိုအမိန့်များသည် လုံလောက်တည်မြဲသည်ဟု မှတ်ယူရမည်။

၃။ ။ထိန်းသိမ်းရေးအဖွဲ့ကခန့်ထားသော ရာထမ်းမှုထမ်းများသည်၊ ရာဇသတ်ကြီး၏ အဓိပ္ပါယ်ရှင်းလင်းချက်တွင် အကျုံးဝင်သောပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေအလို့ငှါ၊ နည်းဥပဒေများ [၁] ကိုပြုနိုင်သည်။

(၂) အထူးအားဖြင့်၊ ထို့ပြင် ရှေ့ကဖေါ်ပြခဲ့သောအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

(က) ရာထူးအလျောက် ပါဝင်ဆောင်ရွက်သော ထိန်းသိမ်းရေး အဖွဲ့ဝင်မဟုတ်သည့် အဖွဲ့ဝင်များကို ခန့်အပ်သော နည်းနာကိစ္စနှင့် အဖွဲ့ဝင်အဖြစ်ထမ်းရွက်သော ကာလအပိုင်းအခြားကိစ္စ၊

(ခ) ထိန်းသိမ်းရေးအဖွဲ့၏ အစည်းအဝေးများ ဘိတ်ခေါ်သော နည်းနာကိစ္စ၊ အစည်းအဝေး အထမြောက်မှုကိစ္စ၊ အစည်းအဝေး၏ကျင့်စဉ်ကိစ္စ၊

(ဂ) ထိန်းသိမ်းရေးအဖွဲ့က ကော်မီတီများ ခန့်ထားခြင်းကိစ္စ၊ ငွေသုံးစွဲသောအာဏာနှင့် ကြီးကြပ်အုပ်ချုပ်မှုကို ထိုကော်မီတီများသို့ လွှဲအပ်ခြင်းကိစ္စ၊

(ဃ) ထိန်းသိမ်းရေးအဖွဲ့၌ တည်ရှိသက်ရောက်သော ဗိမာန်ဥပစာအတွင်းတွင် အနေအထားခင်းကျင်းသတ်မှတ်ခြင်း၊ မွမ်းမံခြင်း၊ ကြည့်ရှုစောင့်ရှောက်စီမံခြင်းကိစ္စနှင့် မည်သည့်ပုဂ္ဂိုလ်မျိုး၏ အထိမ်းအမှတ်ရုပ်ကလာပ် အရုပ်ပြောစသည်တို့ကို မည်သို့မြှုပ်နှံသင်္ဂြိုဟ်ထားရှိခြင်းကိစ္စ၊

(င) ထိန်းသိမ်းရေးအဖွဲ့က ထားရှိရမည့်ငွေစာရင်းများကိစ္စ၊ ထိုငွေစာရင်းများကို စစ်ဆေးခြင်း၊ ဖြန့်ချိခြင်းကိစ္စ၊

(စ) ထိန်းသိမ်းရေးအဖွဲ့၌ တည်ရှိသက်ရောက်သော ဗိမာန်ဥပစာအတွင်း အများပြည်သူတို့ လာရောက်ကြည့်ရှုနိုင်သော စည်းကမ်းများနှင့် ဗိမာန်ဥပစာအတွင်း စုရုံးစည်းဝေးပွဲများ ကျင်းပနိုင်သော စည်းကမ်းများကိစ္စ၊

(ဆ) ထိန်းသိမ်းရေးအဖွဲ့၌ တည်ရှိသက်ရောက်သော ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပျက်စီးစေမှု၊ နှောင့်ယှက်မှုတို့ကို တားဆီးခြင်း၊ ဗိမာန်ဥပစာအတွင်းသို့ ကျူးကျော်ဝင်ရောက်လာမှုကို၊ သို့တည်းမဟုတ် တိရစ္ဆာန်များ ခေါ်ဆောင်လာမှုကို တားဆီးခြင်းကိစ္စ၊

(ဇ) အာဇာနည်ဗိမာန်ဥပစာအတွင်းတွင်၊ ညစ်ညမ်းအောင်ပြုမှု၊ မဖွယ်မရာပြုမှု၊ မရိုမသေပြုမှု၊ ထို့ပြင်ဥပစာအတွင်းရှိပစ္စည်းအစရှိသည်တို့ကို မတရားသဖြင့် အသုံးပြုမှုတို့ကို တားဆီးခြင်းကိစ္စ။

(၃) ပုဒ်မခွဲ (၂) ရှိ၊အပိုဒ် (ဆ) နှင့် (ဇ) အရပြုလုပ်သော နည်းဥပဒေကိုဖေါက်ဖျက်လျှင်၊ ထိုဖေါက်ဖျက်မှုအတွက်၊ ခြောက်လထက်မပိုသောထောင်ဒဏ်ကိုဖြစ်စေ၊ ငါးရာအထိ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်နိုင်စေရန်နိုင်ငံတော်သမတ သည်၊နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

---

[၁] ဤအက်ဥပဒေအရ နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း ၁၉၄၉ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၇၃၅ တွင် ထုတ်ပြန်ကျေညာသည်။ ၁၉၅၂ ခုနှစ်၊ အာဇာနည်ဗိမာန်ငွေစာရင်း နည်းဥပဒေများကို ၎င်းပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၆၃၁ တွင် ထုတ်ပြန်ကျေညာသည်။